## ဓမ္မခန္ဓာ (၁၀၀) စစ်ဦးဘီလူး (အလ်–အားဒီယားတိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၄)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَالْعَادِيَاتِ ضَبْحًا** ۞<br>ပွက်လောရိုက်သွားစေသော စစ်ဦးဘီလူးများ – |
| ၂။ | **فَالْمُورِيَاتِ قَدْحًا** ۞<br>မီးပွင့်ထွက်စေသော တိုက်ခိုက်မှုများ– |
| ၃။ | **فَالْمُغِيرَاتِ صُبْحًا** ۞<br>နံနက်ခင်း၌ ရှောင်တစ်ခင်ဝင်တိုက်သူများ– |
| ၄။ | **فَأَثَرْنَ بِهِ نَقْعًا** ۞<br>၎င်းအားဖြင့် ဖုံမှုန့် ထောင်းထောင်းထစေသူများ– |
| ၅။ | **فَوَسَطْنَ بِهِ جَمْعًا** ۞<br>၎င်းအားဖြင့် စည်းလုံးညီညွတ်မှုအား ထိုးဖေါက်ဖြိုခွဲပစ်သူများ– |
| ၆။ | **إِنَّ الْإِنسَانَ لِرَبِّهِ لَكَنُودٌ** ۞<br>ကေန်ပင် လူသားသည် ကံကြမ္မာရှင် အတွက် ကျေးဇူးကန်းလှချေ၏။[၁၉၁] |
| ၇။ | **وَإِنَّهُ عَلَى ذَٰلِكَ لَشَهِيدٌ** ۞<br>ကေန်ပင် သူသည် ထိုအပေါ်၌ သက်သေသက်ကန် ဖြစ်၏။ |
| ၈။ | **وَإِنَّهُ لِحُبِّ الْخَيْرِ لَشَدِيدٌ** ۞<br>ကေန်ပင် သူသည် အကောင်းကြိုက်ရာ၌ ပြတ်ပြတ်သားသား မြတ်နိုးခုံမင်၏။ |
| ၉။ | **أَفَلَا يَعْلَمُ إِذَا بُعْثِرَ مَا فِي الْقُبُورِ** ۞ |

**(၁၉၁)** ဤသုတ်တော်များ– ၁ မှ ၅ ထိ ဖေါ်ပြသူများကို အိဗ္ဗနိ အဘာ့ဆ် တစ်ဦးတည်းကသာ ဟာ့ဂ်ျခေါ် စုပေါင်းကံဆောင်ပရိဝါ့သ်ပြုချိန်တွင် ထိုးသုတ် ပြေးဝင်လာသော ကုလားအုပ်များ၏ ပုံဖြင့် ခိုင်းနှိုင်းတင်ပြခြင်း ဖြစ်သည်ဟု ဆို၍၊ အခြားများစွာသော အထအထာ ဆရာတော်များက စစ်မြင်းများဖြင့် ဖွင့်ဆိုကြပေသည်။ သို့သော် စစ်မြင်း ဆိုသော စကားလုံးမှာ **ခိုင်းလိ** ဟုဖြစ်၍– ထိုစကားလုံးအား ဤသုတ်တော်များတွင် ဖေါ်ပြထားခြင်း မရှိချေ။ ဤသုတ်တော်ပါ စကားလုံးများသည် လူကိုသာညွှန်းဆိုသော စကားလုံးများ ဖြစ်ပေသည်။ ထိုသူများသည် လူသားအပေါင်း၏ စည်းလုံးညီညွတ်မှုကို ဖြိုခွဲသော စစ်သွေးကြွများ ဖြစ်သည်ဟု ဆိုထားပေသည်။ ထို့ကြောင့် သူတို့သည် ကံကြမ္မာရှင်၏ ငြိမ်းချမ်းရေး ပညတ်တော်များအား ကျေးဇူးကန်းကြောင်း (၆)၊ ထိုသို့ ကျေးဇူးကန်းခြင်း၌ သက်သေခံလျှက် ရပ်တည်ကြောင်း (၇) သူတို့သည် ဥစ္စာပစ္စည်း (အကောင်းကြိုက်ရာ)များ၌ ခုံမင်နေကြောင်း (၈) ရှင်းလင်း ပြတ်သားစွာ ဆိုထားပေသည်။

| | |
|---|---|
| | သူ မသိနိုင်သလော– သင်္ချိုင်းဂူတွင်းမှ ရှိရာတို့ ပြန်လည်နိုးကြွလာသော အခါ၊[၁၃၉၂] |
| ၁၀။ | وَحُصِّلَ مَا فِي الصُّدُورِ۞<br>ရင်တွင်းခံစားချက်များကို ဖွင့်ဖေါ်ကြလတ္တံ့။ |
| ၁၁။ | إِنَّ رَبَّهُم بِهِمْ يَوْمَئِذٍ لَّخَبِيرٌ۞<br>ကေန်ပင် ထိုနေ့ကာလ၌ ကံကြမ္မာရှင်သည် သူတို့အား မြင်သိနေတော်မူ၏။ |

---

(၁၃၉၂) သို့သော် အမိုက်မှောင်စီး အနိုင်ကျင့် စစ်သွေးကြွများ အနေဖြင့် ဘဝသေနေရသော ပြည်သူလူထုထဲမှာ မျိုးဆက်သစ်များ နိုးကြွရှင်သန်လာသောအခါ– ထိုမျိုးဆက်များအနေဖြင့် သူတို့ ခံစားခဲ့ရသော ခံစားချက်များကို ထုတ်ဖေါ်ပြသပေတော့မည်ဟု ဆိုထားခြင်း ဖြစ်ပေသည်။ မိရိုးဖလာ မျိုးဆက်ဟောင်းတို့သည် နေရာ ဖယ်ပေးရမည်ပင်။–